သာသနာ့ဥသျှောင်
အပြည်ပြည်ဆိုင်ရာမြန်မာရဟန်းတော်များအဖွဲ့ချုပ်
SĀSANA MOLI
INTERNATIONAL BURMESE MONKS ORGANIZATION, INC.
72-35 43RD AVENUE, 3RD FLOOR, WOODSIDE, NY 11377-3949, TEL: (718) 803-1585

# နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ရဟန်း ရှင်လူ ပြည်သူအပေါင်းသို့ မေတ္တာရပ်ခံချက် – ပက – ၁/၂၀၀၇

ကောဇာသက္ကရာဇ် ၁၃၆၉ခု သီတင်းကျွတ်လပြည့်ကျော် (၅) ရက်

၂၀၀၇ ခု အောက်တိုဘာလ (၃၁) ရက် (ဗုဒ္ဓဟူးနေ့)

၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်၊ နံနက် (၉) နာရီတွင် မြန်မာနိုင်ငံ အလယ်ပိုင်း ပခုက္ကူမြို့တွင် သံဃာတော် ၂၀၀ ကျော်က ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့ကြပါသည်။ သံဃာတော်များ၏ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများသည် အမျိုး ဘာသာ သာသနာအတွက်ဖြစ်၍ ဓမ္မဝိနယနှင့် ညီသောကြောင့် သာသနာ့ဥသျှောင် အပြည်ပြည်ဆိုင်ရာမြန်မာရဟန်းတော်များအဖွဲ့ချုပ်၏ ဆန္ဒနှင့် တသားတည်းဖြစ်၍ ထောက်ခံဆန္ဒပြုပါသည်။

အဖမ်းဆီးခံ သံဃာတော်များအား ခြွင်းချက်မရှိ ချက်ချင်း လွှတ်ပေးရန်၊ ၂၀၀၇ ခုနှစ် စက်တင်ဘာလအတွင်းက လက်နက်ကိုင်အဖွဲ့၏ ရိုက်နှက်မှုကြောင့် ပျံလွန်တော်မူသွားသည့် သံဃာတော်များ၏ ဖြစ်ရပ်မှန်များကို အမှန်အတိုင်း သိရှိအောင် ဖော်ထုတ်ပေးရန်၊ သာသနာတော်အား ညှိုးနွမ်းစေမည့် အပြုအမူ အပြောအဆိုများနှင့် သံဃာတော်များအပေါ်၌ မဟုတ်မမှန် လုပ်ကြံ စွပ်စွဲ ပုတ်ခတ်မှုများကို ချက်ချင်း တုန့်ပြန်ရန်၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများကို အသုံးချပြီး ဓမ္မနည်းလမ်းမကျသော အမိန့်ဥပဒေများကို ထုတ်ပြန်ခြင်း မပြုရန်၊ သာသနာနှင့် စပ်ဆိုင်သော ဘုရား၊ ကျောင်းကန် စေတီ ပုထိုးများအပေါ်၌ စခန်းချ နေထိုင်နေသော လက်နက်ကိုင် တပ်ဖွဲ့များ ချက်ချင်း ထွက်ခွာပေးရန် တောင်းဆိုလိုက်သည်။

ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ် အသီးသီးတွင် အုပ်ချုပ်နေကြသော စစ်ဖက်၊ နယ်ဖက် အာဏာပိုင်များသည် သက်ဆိုင်ရာ မိမိတို့မြို့နယ်များတွင် သီတင်းသုံး သာသနာပြုနေသော ဆရာတော် သံဃာတော်များ၏ အဆုံးအမဩဝါဒများကို ရိုသေစွာ ခံယူကြလျက် ကိုယ့်မြို့ကိုယ့်ရွာ ငြိမ်းချမ်းအောင် ဆရာနှင့် ဒကာ ညီညွတ်စွာ ထိန်းသိမ်း နေထိုင်ကြရန် အလေးအနက်ထား၍ တိုက်တွန်းကာ မေတ္တာရပ်ခံအပ်ပါသည်။

အမျိုး ဘာသာ သာသနာအတွက်ဖြစ်၍ သံဃာ့ဆန္ဒပြပွဲများ ပြုလုပ်နေသော သံဃာတော်များ ဘေးအန္တရာယ် မကျရောက်အောင် ဒကာ၊ ဒကာမများက ပူးပေါင်းပါဝင်ကာ စောင့်ရှောက်ပေးခြင်း၊ ထောက်ပံ့ကူညီခြင်း စသည့် မွန်မြတ်သော ကိစ္စရပ်များ ဆောင်ရွက်ပေးရန် သာသနာ့ဥသျှောင် အပြည်ပြည်ဆိုင်ရာမြန်မာရဟန်းတော်များအဖွဲ့ချုပ်က မေတ္တာရပ်ခံအပ်ပါသည်။

အမျိုးဘာသာ သာသနာ ရောင်ဝါနေသို့ လင်းပါစေ

မစိုးရိမ် မဟာနာယကဆရာတော်ကြီး ဦးကောဝိဒါဘိဝံသ
(ပဓာနာစရိယဆရာတော်)

ဝိနန္ဒဆရာတော်ကြီး ဦးပညာဝံသ
(ဥက္ကဋ္ဌဆရာတော်)